This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

ရခိုင်အမျိုးသားပါတီ(ရအပ)
**Arakan National Party(ANP)**
ဗဟိုဌာနချုပ်
**Headquarters**

No.(379), Main Road,
South Lammadaw Qr.

စစ်တွေမြို့ ရခိုင်ပြည်နယ်
Sittwe, Rakhine State

Ph:09-265548228
headquarters.anp@gmail.com

---

## ရခိုင်အမျိုးသားပါတီ ရွေးကောက်ပွဲကြေညာစာတမ်း
## [ လုံခြုံငြိမ်းချမ်းဖွံ့ဖြိုးသော ရခိုင့်လူ့အဖွဲ့အစည်းသစ်ဆီသို့ ]

**နိဒါန်း**

၂၀၂၀ပြည့်နှစ်၊ နိုင်ဝင်ဘာ(၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် ရခိုင်လူမျိုးများအတွက်သာမက မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲအတွက် အလွန်အရေးကြီးပါသည်။

ခေတ်အဆက်ဆက်၌ ရခိုင်လူမျိုးများသည် ဆုံးရှုံးနေသော အမျိုးသားအခွင့်အာဏာများကို ရရှိစေရန်အတွက် နည်းလမ်းပေါင်းများစွာကို အသုံးပြု၍ သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြပါသည်။

ရခိုင်အမျိုးသားပါတီသည် ရခိုင်ပြည်သူများ အခက်အခဲ၊ အကျပ်အတည်းကြုံတိုင်း ရခိုင့်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့်အတူ ထိုအခက်အခဲများမှ ရုန်းထွက်နိုင်အောင် ပြည်သူနှင့်တစ်ထပ်တည်း ကြိုးပမ်းဆောင်ရွက်နေခြင်းကိုလည်း ရခိုင်ပြည်သူများအသိပင်ဖြစ်ပါသည်။

၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲတို့တွင် ရခိုင်ကိုယ်စားပြုပါတီမှ တတိယအများဆုံး အောင်ပွဲရခဲ့ခြင်းသည် ရခိုင်ပါတီသာမက ရခိုင်တစ်မျိုးသားလုံး၏ အမျိုးသားစိတ်ဓာတ်ကို မြန်မာနိုင်ငံအစိုးရမှ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပင် အသိအမှတ်ပြုခံခဲ့ရသည်။

ရခိုင်အမျိုးသားပါတီသည် ရေတိုရေရှည်စီမံကိန်းများကို ချမှတ်ရေးဆွဲပြီး ရခိုင်အမျိုးသားအကျိုးစီးပွားကို ထိထိရောက်ရောက် ကိုယ်စားပြုဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍကြီး(၄)ရပ်ကို အခြေခံထားပါသည်။

၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်တွင် စုစုပေါင်း မဲဆန္ဒနယ် (၆၄)နေရာအတွက် ကိုယ်စားလှယ်လောင်း(၃၈၆)ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အရေးကြီးသော အချို့နေရာများတွင် မဲကွဲမှု၏ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးချယ်မှုဆိုင်ရာ စဉ်းစားဆင်ခြင်ဆုံးဖြတ်ရမည့်ကိစ္စမှာ အထူးအရေးကြီးသော ကိစ္စရပ်ဖြစ်ကြောင်း ရခိုင်အမျိုးသားပါတီမှ သုံးသပ်ထားပါသည်။ ရခိုင်အမျိုးသားတရပ်လုံး၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ယုံကြည်စွာပေးအပ်ကြမည့် သမိုင်းတာဝန်အရ ရခိုင်မျိုးသားပါတီ၏အောင်ပွဲကို မလွဲမသွေရရှိနိုင်မည်ဟု အလေးအနက်ခံယူထားပါသည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



# ရခိုင်အမျိုးသားပါတီမှ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ

၁။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး

၂။ ရခိုင်အပါအဝင် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးရရှိရေး

၃။ ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွားရေး

၄။ ရခိုင်အပါအဝင် တိုင်းရင်းသားများအတွက် အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေး

## ၁။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး

### (က) အုပ်ချုပ်ရေး

(၁) တာဝန်ယူ၊ တာဝန်ခံမှုရှိသော ပြည်နယ်အစိုးရအဖြစ် ဆောင်ရွက်ပေးသွားမည်။

(၂) အဂတိကင်းရှင်းသော အစိုးရအဖွဲ့အဖြစ် စီစဉ်ဆောင်ရွက်မည်။

(၃) ရခိုင်ပြည်သူများ၏အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်လျှက် ဘေးကင်းလုံခြုံသော ဘဝကိုတည်ဆောက်ပြီး တရားမျှတစွာ စီမံအုပ်ချုပ်သွားမည်။

### (ခ) စီးပွားရေး

၁။ ရခိုင်အမျိုးသားပိုင် ဘဏ်များဖြစ်ထွန်းပေါ်ပေါက်ရေးကို တွန်းအားပေးလုပ်ဆောင်မည်။

၂။ အရည်အသွေးစံချိန်စံညွှန်းများပြည့်ဝပြီး နိုင်ငံတကာနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေမည်။

၃။ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးမည်။

၄။ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ရရှိနိုင်ရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်များပြုလုပ်လျက် ပြည်တွင်းပြည်ပများသို့ ဈေးကွက်ဖြန့်ချိနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၅။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးနိုင်ရေးအတွက် ချေးငွေများထုတ်ပေးနိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားမည်။

### (ဂ) လမ်းပန်းဆက်သွယ်ရေး

၁။ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများဖြစ်ထွန်းရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲလျက် ဘက်ပေါင်းစုံမှ ဘဏ္ဍာငွေများဖြင့် စီမံဆောင်ရွက်မည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



၂။ ဆက်သွယ်ရေးအော်ပရေတာများနှင့်ညှိနှိုင်းလျှက် ကျေးလက်အစွန်အဖျားအထိ ဆက်သွယ်ရေးများကောင်းမွန်စေရန် ဆောင်ရွက်မည်။

၃။ ပုဂ္ဂလိကရေယာဉ်လိုင်းများကို အဆင့်မီသောရေယာဉ်များဖြင့် ပြေးဆွဲနိုင်ရေး၊ စည်းကမ်းပြည့်ဝစွာဖြင့် ခရီးသည်များ၏အခွင့်အရေးကို တန်းဖိုးထားပြေးဆွဲရေး၊ သန့်ရှင်းပြီးနိုင်မာသော ဆိပ်ခံတံတားများထားရှိရေးတို့ကို တွန်းအားပေးဆောင်ရွက်မည်။

၄။ ခရီးသည်များကိုတန်ဖိုးထားကာ စည်းကမ်းရှိသောမော်တော်ယာဉ်လိုင်းများ ဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးသွားမည်။

**(ဃ) တောင်သူလယ်သမား**

၁။ အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာဈေးကွက်ရရှိနိုင်သော မျိုးစေ့များကို တောင်သူများလက်ထဲသို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၂။ စိုက်ပျိုးမြေအမျိုးအစားများကို ခွဲခြားသုံးသပ်ပြီး မှန်ကန်သောစိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ရေးနှင့် သီးနှံဈေးကွက် ဖန်တီးရေးများကိုလည်း ဆောင်ရွက်သွားမည်။

၂။ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် အလွယ်တကူဝယ်ယူနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမည်။

၃။ လွတ်လပ်သည့် တောင်သူလယ်သမားအဖွဲ့အစည်းများ ပေါ်ပေါက်နိုင်ရေး အားပေးဆောင်ရွက်မည်။

၄။ တောင်သူလယ်သမားများ၏ ဥပဒေမဲ့ဆုံးရှုံးခဲ့သော လယ်ယာမြေများ ပြန်လည်ရရှိရေး လျော်ကြေး၊ နစ်နာကြေးများ ရရှိရေးဆောင်ရွက်မည်။

၅။ ခေတ်ကာလနှင့် လျော်ညီမှုမရှိသည့် လယ်ယာမြေဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းသွားမည်။

**(င) မွေးမြူရေးနှင့်ရေလုပ်ငန်း**

၁။ကမ်းနီးငါးဖမ်းလုပ်ငန်းအပါအဝင် ရေလုပ်ငန်းကဏ္ဍအတွက် အရေးပါသည့်အရင်းအနှီး၊ နည်းပညာနှင့် စက်ကိရိယာများရရှိနိုင်ရေး ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။

၂။ မွေးမြူရေးလုပ်ငန်းများတွင် ချေးငွေများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။

၃။ မျိုးစိပ်ကောင်း၊ မျိုးရင်းကောင်းသော မွေးမြူရေးတိရိစ္ဆာန်များ ပြန့်ပြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

**(စ) ပညာရေး**

၁။ ရခိုင်ပြည်နယ်တွင် အရည်အချင်းရှိသော ဆရာ/မအရေအတွက် ပိုမိုများပြားလာစေရေးကိုဦးတည်လျက် ပညာရေးကောလိပ်တစ်ခု ထပ်မံဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၂။ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



၃။ စစ်တွေတက္ကသိုလ်တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းများဖွင့်လှစ်နိုင်ရေး တွန်းအားပေးလုပ်ဆောင်သွားမည်။

၄။ အခြေခံပညာကျောင်းများတွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရေး ဘက်ပေါင်းစုံမှလုပ်ဆောင်သွားမည်။

၅။ အခြေခံအထက်တန်းအဆင့်ထိ ပညာသင်ယူခွင့် လက်လှမ်းမီနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဆ) ကျန်းမာရေး**

၁။ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးဝန်ဆောင်မှုရရှိစေရေးအတွက် စီမံချက်များရေးဆွဲလျက် အမြန်ဆုံးဦးစားပေး ဆောင်ရွက်မည်။

၂။ ကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းစေရေး တွန်းအားပေးလုပ်ဆောင်မည်။

၃။ ကျန်းမာရေးဝန်ထမ်းများနှင့် လူဦးရေအချိုးမျှတမှုရှိစေရေး ဆောင်ရွက်ပေးမည်။

၄။ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး မကူးစက်တတ်သော ရောဂါများဖြစ်သော်လည်း ပြည်သူလူထု၏ကျန်းမာရေးကို ထိခိုက်စေသည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါအစရှိသည် တို့အတွက် ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပွားမှုနှုန်းလျှော့ချမည်။

၅။ ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ အဆောက်အဦးများ ကောင်းမွန်စေရေးနှင့် စနစ်ကျသော ကျန်းမာရေး ဝန်ဆောင်မှုစနစ်ဖြစ်ထွန်းရန် တွန်းအားပေးလုပ်ဆောင်သွားမည်။

၆။ ဆေးရုံကြီးများတွင် စံနှုန်းပြည့်အဆောက်အဦးရရှိရေးအပါအဝင် အရည်အသွေးမြင့်စက်ပစ္စည်းများရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်။

**(ဇ) စွမ်းအင်နှင့် လျှပ်စစ်**

၁။ ကျေးလက်တောရွာများအားလုံး လျှပ်စစ်မီး သုံးစွဲခွင့်ရရှိနိုင်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်။

၂။ လျှပ်စစ်မီးရရှိနိုင်ရေး ခက်ခဲနိုင်မည့်ကျေးရွာများနှင့် စီမံကိန်းများအရ နှစ်ကာလတချို့ကြာနိုင်သော ကျေးရွာများကိုလည်း လျှပ်စစ်မီးရရှိရေးကို ညှိနှိုင်းဆောင်ရွက်သွားမည်။

**(ဈ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

၁။ သစ်တောကဏ္ဍတွင် အလွန်အကျွံသစ်ထုတ်လုပ်မှုနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုကိုလျှော့ချမည်။

၂။ စက်ရုံ၊ အလုပ်ရုံများမှ ရေဆိုးနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တွင် ဒေသခံပြည်သူများပါဝင်ခွင့်ရရှိစေရေး ဆောင်ရွက်သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



၃။ သဘာဝရေအရင်းအမြစ်များဖြစ်သည့် ရေဝေရေလဲဒေသ၊ မြေအောက်ရေ၊ ရေတိမ်ဒေသ၊ရေချိုရေငံ ဂေဟာစနစ်ပျက်စီးမှု၊ ရေစီးရေလာကောင်းမွန်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေထုတ်ပြန်နိုင်ရန် ဆောင်ရွက်သွားမည်။

၄။ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်း၊ ရေလွှမ်းမိုးခြင်းနှင့် ရေရှားပါးခြင်းတို့ကြောင့်ဖြစ်ပေါ်လာသော ဘေးဒဏ်တို့မှကာကွယ်ခြင်း၊ သက်သာခွင့် ရရှိစေရန် ပညာပေးခြင်းနှင့်ရေရှည်အစီအစဉ်များ ရေးဆွဲဆောင်ရွက်မည်။

၅။ သဘာဝအရင်းအမြစ်များကို လက်ဝါးကြီးအုပ် စီမံခန့်ခွဲခြင်း၊ ညီမျှခြင်းမရှိသောခွဲဝေသုံးစွဲခြင်းတို့ကို ပပျောက်အောင် ဆောင်ရွက်မည်။

၆။ ဂေဟာဗေဒ လေ့လာရေးဆိုင်ရာ ခရီးသွားလုပ်ငန်းများ ထူထောင်ခြင်းတို့ကို တွန်းအားပေးဆောင်ရွက်မည်။

**(ည) မြို့ပြဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေး**

၁။ ရခိုင်ပြည်နယ် သဘာဝနှင့်လိုက်လျောညီထွေရှိမည့် စည်ပင်သာယာရေး ဥပဒေကို ပြဋ္ဌာန်းပေးသွားမည်။

၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏အခန်းကဏ္ဍ ပိုမိုအားကောင်းလာရေးမှတဆင့် မြို့ပြစီမံကိန်းများ ဖွံ့ဖြိုးရေးကို ဦးကည်ဆောင်ရွက်မည်။

၃။ မြို့ပြအိမ်ရာများ၊ ရေ မီးအပါအဝင် အမှိုက်နှင့် မိလ္လာစွန့်ပစ်ရေး ကဏ္ဍများကို တိုးတက်အောင် ဆောင်ရွက်သွားမည်။

၄။ မြို့တွင်း လမ်းနှင့်တံတားများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမည်။

**(ဋ) စက်မှု**

၁။ ပုဏ္ဏားကျွန်းစက်မှုဇုံ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၂။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖြစ်ထွန်းရေးကို တွန်းအားပေးဆောင်ရွက်မည်။

**(ဌ) အထွေထွေ**

၁။ လူငယ်နှင့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ ရခိုင့်ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ ရခိုင်စာပေကို ဥပဒေအဖြစ်ပြဋ္ဌာန်းလျှက် အတည်ပြုသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၄။ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား ကူညီထောက်ပံ့ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်မည်။

၅။ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးပြီး နေရပ်စွန့်ခွာလုပ်သားများ နေရပ်သို့ပြန်လာနိုင်ရေးကို ဦးတည်ဆောင်ရွက်မည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.



**၂။ ရခိုင်အပါအဝင် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးရရှိရေး**

(က) တိုင်းရင်းသားပြည်နယ်များသည် ပြည်မတိုင်းဒေသကြီးများအတိုင်း တန်းတူဖွံ့ဖြိုးတိုးတက်သော ဒေသဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) တိုင်းရင်းသားဒေသများမှ ထွက်ရှိသော သယံဇာတများကို ထုတ်ယူ သုံးစွဲရာမှရရှိသော အကျိုးအမြတ်ထဲမှ ရာခိုင်နှုန်းတချို့တဝက်ကို တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးတွင် သုံးစွဲခွင့်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်။

**၃။ ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွားရေး**

(က) အပစ်အခတ်ရပ်စဲရေးနှင့် စားပွဲဝိုင်းဆွေးနွေးသောယဉ်ကျေးမှုသို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) ပြည်သူများ အသက်၊ အိုးအိမ်၊ စည်းစိမ်းများ လုံးခြုံရေးနှင့်ငြိမ်းချမ်းသောလူ့ဘောင်တွင် ဒီမိုကရေစီကျင့်စဉ်များအတိုင်း စိတ်အေးချမ်းသားစွာ နေထိုင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

**၄။ ရခိုင်အပါအဝင် တိုင်းရင်းသားများအတွက် အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး**

(က) ဖက်ဒရယ်ဖွဲ့စည်းပုံပေါ်ပေါက်ရေးနှင့် တိုင်းရင်းသားပြည်နယ်များ၏ ဖွဲ့စည်းပုံပေါ်ပေါက်နိုင်ရေးဦးတည်ဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားများအနေဖြင့် ကိုယ့်ကံကြမ္မာကိုယ်တိုင်ဖန်တီးပေးနိုင်သော ဖက်ဒရယ်ဖွဲ့စည်းပုံဖြစ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

ရခိုင်အမျိုးသားပါတီ